UNHCR
The UN Refugee Agency

ရခိုင်ပြည်နယ်/ မြန်မာနိုင်ငံ

AA နှင့် တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လထိ

AA နှင့် တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် (၂၀၂၂) ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်တွင် စုစုပေါင်း လူဦးရေ (၇၁၉၄၂) သည်နေရပ်စွန့်ခွာနေကြရပြီး မြောက်ဦး၊ ကျောက်တော် နှင့် စစ်တွေ မြို့နယ်တို့တွင်အသစ်ထပ်မံနေရပ်စွန့်ခွာရသူ လူဦးရေ (၄၉၅၉) ဦးအပါအဝင်ဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါလူသားချင်းစာနာမှုလိုအပ်ချက်များကို တုန့်ပြန်ကူညီနေပြီး ထိခိုက်ခံစားခဲ့ရသူ လူထုတို့အား အထောက်အပံ့များကို ဆက်လက်ထောက်ပံ့နေသည်။

(၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လထိတွင် မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ပေါက်တော၊အမ်းဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ တိုက်ပွဲရှောင်လူဦးရေ (၂၈၀၀၈) ဦးထံ အဓိက ပြန်လည် ထူထောင်ရေး အထောက်အပံ့များ၊ အရေးပေါ်အမိုးအကာအထောက်အပံ့များ၊ အမျိုးသမီးသုံး ပစ္စည်းထုပ်များနှင့် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် အဝတ်စ မျက်နှာ၊ နှာခေါင်းစည်းများ ဖြန့်ဝေထောက်ပံ့ခဲ့သည်။

ကွင်းဆင်းလေ့လာမှု၊ ထောက်ပံ့မှုတို့ အကြိမ်ပေါင်း (၃၀) ကျော်ရှိခဲ့ပြီး တစ်ချို့သော တိုက်ပွဲရှောင်စခန်းများ၊ အထူးသဖြင့် ဝေးလံကျေးလက်မှ စခန်းများကို လက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး COVID-19 ဖြစ်ပွားနေသည့်အခြေအနေကြောင့်လည်း ပိုမိုခက်ခဲနေသည်။



ဤဇယားပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နမိတ်အကျယ်အဝန်းများ၊အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမ္မဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

POPULATION REACHED

28,008 ဦး

6,657 အိမ်ထောင်စု

LOCATIONS

89 ရခိုင်ပြည်နယ်ထဲရှိ ကူညီထောက်ပံ့ခဲ့သောနေရပ်စွန့်ခွာ စခန်း များ

(မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ပေါက်တော၊အမ်းဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)

ဇန်နဝါရီလမှ - ဩဂုတ်လ အတွင်း ထောက်ပံ့မှုဆိုင်ရာ အဓိကအချက်များ

NFI (၂၀၂၂) ခုနှစ်အတွင်း လူဦးရေ (21,476) ဦးသည် အဓိက ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခဲ့သည်။

- 25,688 မျက်နှာ၊ နှာခေါင်းစည်း
- 7,516 အခင်းဖျာ
- 5,337 ခြံစောင်
- 5,295 ခြင်ထောင်
- 3,338 ရေပုံး
- 2,876 အိုးခွက် ပန်းကန် ထုပ်
- 2,707 သောက်ရေဗူး
- 2,457 အမျိုးသမီး သုံးပစ္စည်း
- 2,082 အဝတ်အစားထုပ်
- 1,348 ဆိုလာမီးအိမ်
- 1,042 တစ်ကိုယ်ရေ သုံးပစ္စည်း
- 1,019 အနွေးထည်
- 40 ကလေးသုံးပစ္စည်း

ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 15,909 ဦးကို ၂၀၂၂ ခုနှစ်မှာ ထောက်ပံ့ခဲ့

- 541,050 ဝါး
- 59,629 နှိုင်လွန်ကြိုး
- 44,740 သစ်၊ မျောတိုင်
- 3,877 မိုးကာ(တာလပတ်စ)

မိတ်ဘက် အဖွဲ့များ nRS : (ပူးပေါင်းအဖွဲ့) MI, UNICEF, UNFPA cRS: IRC, IOM, LWF, PIN, RI

အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ ဒိန်းမတ် ဥရောပသမဂ္ဂ၊ ပြင်သစ် ဂျာမနီ အိုင်ယာလန် အီတလီ ဂျပန် နယ်သာလန် နော်ဝေ ဆွီဒင် ဆွစ်ဇာလန် ယူနိုက်တက်ကင်းဒမ်း၊ CERF တို့မှ ရက်ရောစွာ ပံ့ပိုးကူညီမှုအတွက် UNHCR မှ ကျေးဇူးတင်ရှိပါသည်။

31 ဩဂုတ် 2022 တွင် အပ်ဒိတ်လုပ်ထားသည်။ myasiim@unhcr.org သို့ လိပ်မူအကြံပြုနိုင်ပါသည်။